# ဖြည့်စွက်စာများ (Food/Health Supplements)
# သွင်းကုန်ထောက်ခံချက်လျှောက်ထားခြင်းများအတွက်
# လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ Import Recommendation ထုတ်ပေးခြင်းသည် ရည်ညွှန်းကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အာနိသင်ထိရောက်မှုကို အလုံးစုံအာမခံပေးခြင်းမဟုတ်သဖြင့် ယင်းသို့ထင်မှတ်စေသော ရေးသားချက်၊ ဖော်ပြချက်များမပြုရ။ Import Recommendation အား ရည်ညွှန်းကြော်ငြာရောင်းချခြင်းမပြုရ။

၂။ Import Recommendation အား အကြောင်းပြု၍ တင်သွင်းလာသော Food / Health Supplements များသည် ကျန်းမာရေးအထောက်အကူပြု အစားအသောက်များသာဖြစ်သဖြင့် ရောဂါအခြေအနေတစ်စုံတစ်ရာကို ကုသ/ ပျောက်ကင်း/ သက်သာစေနိုင်သည်ဟု ညွှန်းဆိုကြော်ငြာရောင်းချခြင်းများ၊ ပုံမှန် အစားအသောက်အာဟာရဓါတ်များကို အစားထိုးနိုင်သည် (သို့မဟုတ်) လျှော့ချနိုင်သည်၊ ဆေးဝါးကုသမှုများကို အစားထိုးနိုင်သည် (သို့မဟုတ်) လျှော့ချနိုင်သည်ဟု အဓိပ္ပါယ်သက်ရောက်သော ကြော်ငြာညွှန်းဆိုခြင်းများ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပြုရ။

၃။ ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုမည့် လက်ကမ်းစာစောင်များ၊ Insert များ၊ Pamphlet များ၊ သတင်းစာ၊ မီဒီယာများတွင် ကြော်ငြာပါက အလွန်အကြူးကြော်ငြာမှုများ မပြုလုပ်ရန်။ ပြင်ဆင်ရန်လိုအပ်လာပါက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တသွေမတိမ်းလိုက်နာဆောင်ရွက်ရန်။

၄။ လျှောက်ထားသည့် Food/ Health Supplements နှင့်ပတ်သက်၍ ပါဝင်ပစ္စည်း (Active Ingredient) (သို့မဟုတ်) ကျန်းမာရေးအကျိုးကျေးဇူးဖော်ပြချက် (Health Claims) (သို့မဟုတ်) အာနိသင်ဖော်ပြချက် (Functional Claims) နှင့်သက်ဆိုင်သည့် သိပ္ပံနည်းကျအထောက်အထား စာရွက်စာတမ်းများ၊ သုတေသနပြုရာဖွေတွေ့ရှိချက်များ၊ ကျန်းမာရေးသိပ္ပံပညာဆိုင်ရာ အသိအမှတ်ပြုအဖွဲ့အစည်းများမှ လေ့လာသုံးသပ်ချက်များအား အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စိစစ်ရန် တောင်းခံပါက ပြည့်စုံစွာတင်ပြရန်။

၅။ သွင်းကုန်ထောက်ခံချက် (Import Recommendation) ရရှိပြီးသော Food/Health Supplements များအား အမှန်တကယ်တင်သွင်းလာသည့်အခါတိုင်း သွင်းကုန်ကျန်းမာရေးထောက်ခံချက် (Import Health Certificate) ကိုမဖြစ်မနေလျှောက်ထားရန်။

၆။ တင်သွင်းသည့် Food/Health Supplements နှင့်ပတ်သက်၍ ဘေးထွက်ဆိုးကျိုးများကို ကုမ္ပဏီမှ တာဝန်ယူတင်ပြရန်။ ဘေးထွက်ဆိုးကျိုးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အလုံးစုံတာဝန်ယူပြီး ဈေးကွက်မှ ပြန်လည်ရုတ်သိမ်းခြင်း (Market Recall) နှင့် ဌာနသို့ အချိန်မီသတင်းပေးပို့ခြင်းများ ပြုလုပ်ရန်။

၇။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ Food/Health Supplements နှင့် ပတ်သက်၍ အခါအားလျော်စွာထုတ်ပြန်ကြေညာသည့် စည်းကမ်းချက်များ၊ ပြဋ္ဌာန်းချက်များ၊ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအား သိရှိလိုက်နာဆောင်ရွက်ရန်။

၈။ သွင်းကုန်ထောက်ခံချက်လျှောက်ထားလျှင် စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာမည်ဖြစ်ကြောင်း ကုမ္ပဏီမှ ခံဝန်ရေးထိုးရန်။

အထက်ဖော်ပြပါအချက်များကို လိုက်နာခြင်းမရှိပါက ဌာန၏ စီမံခန့်ခွဲမှုနည်းလမ်းများအရလည်းကောင်း၊ တည်ဆဲအမျိုးသားအစားအသောက်ဥပဒေအရသော်လည်းကောင်း၊ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန